**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**အလုပ်သမားဝန်ကြီးဌာန**

**ကြေညာချက်အမှတ် ( ၉ /၂၀၂၂ )**
**၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇွန် လ ၁၆ ရက်)**

# အလုပ်သမားဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန် သတိပေးကြေညာခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ရန်၊ ပြည်တွင်း/ပြည်ပရှိ အလုပ်သမားများအား ကာကွယ်စောင့် ရှောက်ရန်၊ အလုပ်ရှင်များနှင့်အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်အကျိုးခံစားခွင့်များကိုဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ရရှိခံစားစေရန်၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မား စေခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် အဓိကဆောင် ရွက်ပေးရသော ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ စစ်အာဏာရှင်လက်အောက်တွင် ထိခိုက်နစ်နာ ဆုံးရှုံးလျက်ရှိသော အလုပ်ရှင်၊ အလုပ်သမားတို့၏ ဥပဒေပါ ရပိုင်ခွင့်နှင့်အကျိုးခံစားခွင့်များရရှိရန်၊ အလုပ်သမားရေးရာပြဿနာများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ခိုင်မာအားကောင်းသည့် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေး တည်ဆောက်ရန်နှင့် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လည်ပတ်နိုင် စေရန်ရည်ရွယ်၍ စစ်အာဏာသိမ်းယူထားသည့် ကြားကာလတွင် အလုပ်သမားရေးရာတိုင်ကြားမှု ယန္တရား (Complaint Mechanism) ကို စတင်ခဲ့ပြီး အခွင့်အရေးချိုးဖောက်ခံရသော အလုပ်သမား များ၏ တိုင်ကြားမှုများအား လက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂။ အလုပ်သမားအခွင့်အရေး၊ ဥပဒေပါအကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများ ၏ နစ်နာမှုတိုင်ကြားချက်များကိုစိစစ်ခဲ့ရာ အလုပ်ရှင်အချို့သည် အောက်ပါအချက်များ ချိုးဖောက် လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည် -

(က) အလုပ်ရှင်များသည် အလုပ်သမားများအား ခန့်ထားရာ၌ ဥပဒေနှင့်အညီ ခန့်ထား ဆောင်ရွက်မှုမရှိခြင်း၊

( ခ ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ အချက်များကို လိုက်နာမှုမရှိခြင်း၊

(ဂ) ဥပဒေပါသတ်မှတ်ထုတ်ပြန်ထားသည့် အနည်းဆုံးအခကြေးငွေအတိုင်း အပြည့် အဝ ပေးချေမှု မရှိခြင်း၊

(ဃ) ဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် တားဆီးပိတ်ပင်ခြင်း၊

(င) အလုပ်သမားများ၏ သဘောဆန္ဒမပါဘဲ အချိန်ပိုများ ခိုင်းစေခြင်း၊

(စ) အချိန်ပိုလုပ်ခများကို အပြည့်အဝ ပေးချေမှုမရှိခြင်း၊

(ဆ) လုပ်ခလစာများ ဖြတ်တောက်ရာတွင် ဥပဒေထက် ကျော်လွန်ဖြတ်တောက်မှုများ ရှိနေခြင်း၊

(ဇ) ကလေးအလုပ်သမားများ ခန့်ထားခိုင်းစေရာတွင် ဥပဒေနှင့် ညီညွတ်စွာ ခိုင်းစေမှု မရှိခြင်း၊

(ဈ) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်ပေးမှုမရှိခြင်း၊

(ည) အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုများ၊ နစ်နာမှုများကိုတင်ပြ ဆွေးနွေးခွင့် မရခြင်း။

၃။ သို့ဖြစ်ပါ၍ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများအပေါ် အလုပ်သမားဥပဒေ၊ နည်းဥပဒေများနှင့် အညီလိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန်နှင့် လိုက်နာကျင့်သုံးမှုမရှိဘဲ ဥပဒေချိုးဖောက်သည့် အလုပ်ရှင်များ၏ အချက်အလက်များကို မှတ်တမ်းတင်ထားရှိပြီး ပြည်သူ့အစိုးရပြန်လည်တာဝန်ယူချိန်တွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားလိုက်သည်။

**အလုပ်သမားဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**